


## တစ်ခါတုန်းကတက္ကသိုလ်

❖ ခေါင်းလောင်းသံချို
နေညိုညိုမှာ
စိန်ပန်းပြာရိပ်
ကုံ့ကော်အိပ်ချိန်
မိန်ရာသီ၏
မပီမသ သည်တစ်ညကို
တသလွမ်းမောဖူးပါသည်။

❖ ရေတမာတန်း
ခုံတန်းလျားရှည်
မျက်ရည်ကြည်ကြား မှုန်ဝါးဝါးဖြင့်
တံခါးပိတ်ချိန် မြကျွန်အိမ်ဝယ်
ဧပရယ်အိပ်မက်
အဆိပ်တက်၍
ပင့်သက်လွင့်မျောဖူးပါသည်။



❖ သစ်ပုတ်ပင်စည်
ပန်းချီမဖြစ် စွန်းထင်းညစ်ထေး
ကညစ်တွေးတောက်
ပန်းပျောက်သည့်ည
သူမရင်ခွင်
လွမ်းရင်ပြင်မှာ
ခိုဝင်အိပ်နားဖူးပါသည်။

ရာသီတွေပြောင်း
နှစ်တွေဟောင်းလည်း
ကွန်းထောက်ခိုရာ မြကျွန်းသာမှာ
ကဗျာမပီ ဆေးမညီသော
လွမ်းမောဖွယ်ရာ မြသီလာကို
ဘယ်လောက်ကြာကြာ
ဘယ်ကမ္ဘာဝေး
အတွေးထဲမှာ မမေ့ပြီ။

၁၉၉၇ ခု၊ ဗိဇင်ဘာလထုတ်၊
အဝေးသင်တက္ကသိုလ်(၆)နှစ်ပြည့်မဂ္ဂဇင်း